# ပထမအကြိမ်တောင်ပိုင်းပိုးလမ်းမကြီးဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် “ကူမင်းသဘောတူညီချက်” ရရှိခဲ့




ဒီဇင်ဘာ ၁၂ ရက်မှ ၁၃ ရက်နေ့ အထိနှစ်ရက်ကြာကျင်းပသော“တောင်ပိုင်း ပိုးလမ်းမကြီး ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်” ကို ကူမင်းမြို့တွင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲ အခမ်းအနားတွင် “တောင်ပိုင်းပိုးလမ်း မကြီးဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်မှ အတွင်း ရေးမှူးအဖွဲ့ရုံး၊ တောင်ပိုင်းပိုးလမ်းမကြီး ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် စီမံကိန်းစင်တာ” ကိုလည်း တရားဝင်ဖွင့်လှစ်ခဲ့သည်။ လောလောဆယ်အဆိုပါ စီမံကိန်းစင်တာ သည် စီမံကိန်းပေါင်း (၂၈၀၀)ကျော်ကို စုဆောင်းလက်ခံခဲ့ပြီးဖြစ်သည်။

အစိုးရများ၊ Think Tankများ၊ တရုတ်နာမည်ကျော် စီးပွားရေးလုပ်ငန်း များ၊ပြည်တွင်းပြည်ပမှကုန်သည်ကြီးများ အသင်းမှ ခေါင်းဆောင်များနှင့် သတင်း မီဒီယာမှ ကိုယ်စားလှယ်များက ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် တရုတ်နိုင်ငံ၏ “ရပ် ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တည် ဆောက်ရေး အကောင်အထည်ဖော် ဆောင်မှုလုပ်ငန်း၊ တောင်ပိုင်းပိုးလမ်း မကြီးအရှိန်ဖြင့် တည်ဆောက်ရေးလုပ် ငန်းနှင့် စပ်လျဉ်း၍ လှိုက်လှဲစွာဆွေးနွေး ကြပြီး 《နိုင်ငံတော်၏ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တိုက်တွန်းချက် အတွက် ဝန်ဆောင်ပေး၍ တောင်ပိုင်းပိုး လမ်းမကြီးတည်ဆောက်ရန် ကူမင်း သဘောတူညီချက်》 ရရှိနိုင်ခဲ့သည်။ အဆိုပါ 《သဘောတူညီချက်》 တွင် ယူနန်သည် တောင်ပိုင်း ပိုးလမ်းမကြီး တည်ဆောက်ရေး လုပ်ငန်းကို တွန်းအား ဖြစ်စေသည့်၊ အရေးပါသည့် အခန်းထဲ ပါသည့် ဗဟိုချက်မကျရာနယ်မြေဖြစ် ကြောင်း၊ ယခုလက်ရှိတွင် ယူနန်၏နိုင်ငံ တကာလမ်းမကြီး တည်ဆောက်ရေး လုပ်ငန်းသည် အခြေခံအားဖြင့် ပုံပန်း ဖော်လာပြီဖြစ်ကြောင်း၊ တောင်ပိုင်းပိုး လမ်းမကြီးတည်ဆောက်ရေးကို တွန်းအား ပေး၍ တရုတ်အနောက်တောင်ပိုင်းမှ အင်ဒိုချိုင်းနားကျွန်းဆွယ်၊ တောင်အာရှ ဒေသခွဲ၊ အလယ်အာရှ၊ အနောက်အာရှ တို့နှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်းပိုင်းလမ်း ပန်းဆက်သွယ်ရေးကွန်ရက်အဖြစ် ချိတ် ဆက်ထားခြင်းသည် “ရပ်ဝန်းတစ်ခု၊ လမ်း ကြောင်းတစ်ခု”မဟာဗျူဟာအကောင် အထည်ဖော်ဆောင်ရေး၏ သော့ချက် ပင်ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်အနေ နှင့်တောင်ပိုင်းပိုးလမ်းမကြီး တည်ဆောက် ရေးကိုအမှီပြု၍ ပြည်တွင်းပြည်ပမှ အင်အားများကို ကျယ်ပြန့်စွာစုစည်းကာ ဒေသတွင်းဆိုင်ရာ လုပ်ငန်းတာဝန်ခွဲဝေ မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်မှု များတွင်တက်ကြွစွာ ပါဝင်သွားမည်ဖြစ် ကြောင်း၊ ကြီးမားစွာ တံခါးဖွင့်လှစ်ခြင်း ဖြင့် ကြီးမားစွာပူးပေါင်းဆောင်ရွက်ခြင်း၊ ကြီးမားစွာဖွံ့ဖြိုးခြင်း၊ ကြီးမားတိုးတက် ခြင်းတို့ကို တိုးမြှင့်ကာ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” တည်ဆောက်ရေး အတွက်လက်ဦးမှုရှိရှိနှင့် ဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၊ တောင် အာရှ၊ အရှေ့တောင်အာရှနိုင်ငံများကို ဝန်ဆောင်မှုပေး၍ ယူနန်၏အားသာ ချက်ကို ဖော်ထုတ်၊ ယူနန်၏ ဉာဏ်ပညာ ကိုတင်ပြ၊ ယူနန်၏အဆိုပြုချက်ကို တင် သွင်း၊ ယူနန်၏အင်အားကို ထောက်ပံ့ သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အစည်းအဝေးတက်ရောက်ကြ သည့်ပညာရှင်များက တောင်ပိုင်းပိုး လမ်းမကြီးမှာ “ငြိမ်းချမ်းရေးလမ်းမကြီး”၊ “စီးပွားရေးလမ်းမကြီး”၊ “ယဉ်ကျေးမှု လမ်းမကြီး”၊ “ချစ်ကြည်ရေးလမ်းမကြီး” ဖြစ်ပါကြောင်း၊ တောင်ပိုင်းပိုးလမ်းမကြီး ကို ပြန်လည်အားသစ်လောင်းပေး၍ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံနှင့်တရုတ်-အင်ဒိုချိုင်းနား ကျွန်းဆွယ်စီးပွားရေး စင်္ကြံတည်ဆောက် ကာ တရုတ်နှင့်တောင်အာရှ၊ အရှေ့ တောင်အာရှ နိုင်ငံအသီးသီးတို့အကြား ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ယဉ်ကျေးမှုဖလှယ်မှု တို့ကို တိုးမြှင့်စေခြင်းသည် လမ်းတစ် လျှောက်ရှိ နိုင်ငံအသီးသီး၏ ဘုံရင်ဖွင့် သံဖြစ်ကြောင်း၊ ဒေသတွင်းစီးပွားရေးနှင့် ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်ရေး အတွက်လည်းအားသစ်လောင်း ပေးနိုင် မှာဖြစ်ကြောင်း ဖော်ပြထားသည်။

ကူမင်းမြို့အခြေစိုက် ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ မြန်မာ၊ ကမ္ဘောဒီးယားစသည့်နိုင်ငံရှိ ကောင်စစ် ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်များက ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ခဲ့ကြ သည်။ အစိုးရ၊ Think Tank၊ တရုတ် နာမည်ကျော်စီးပွားရေးလုပ်ငန်းမှ ကိုယ် စားလှယ်များနှင့် ပြည်တွင်းပြည်ပ ကုန် သည်ကြီးများအသင်းမှ ခေါင်းဆောင် များ စုစုပေါင်း(၄၀၀)ကျော် ဖိုရမ်သို့ ပါဝင်တက်ရောက်ခဲ့ကြသည်။


သက်ဆိုင်ရာသတင်းလင့်ခ် -

**“တောင်ပိုင်းပိုးလမ်းမကြီး”**

တောင်ပိုင်းပိုးလမ်းမကြီးသည် ရှေးခေတ်တရုတ်နိုင်ငံ၏ နိုင်ငံတကာ လမ်းကြောင်းပင်ဖြစ်သည်။ ယင်းလမ်း မကြီးသည်တရုတ်ပြည်တွင်းတွင် တရုတ် အနောက်တောင်ပိုင်းနှင့် တောင်ပိုင်း ဒေသအကြား ကြီးမားလှသော လမ်းပန်း ဆက်သွယ်ရေး ကွန်ရက်ဖြစ်တည်လာခဲ့ သည်။ ပြည်ပတွင်မူ အင်ဒိုချိုင်းနားကျွန်း ဆွယ်၊ တောင်အာရှဒေသခွဲ၊ အလယ် အာရှ၊ အနောက်အာရှနှင့် ချိတ်ဆက်ပြီး ပိုမိုကြီးမားသော ကမ္ဘာလုံးဆိုင်ရာ လမ်း ပန်းဆက်သွယ်ရေး ကွန်ရက်ဖြစ်တည် လာသည်။ တောင်ပိုင်း ပိုးလမ်းမကြီး သည် မြန်မာ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ သီရိလင်္ကာ၊ မော်လ်တိုက်၊ အာဖဂန်နစ္စတန်စသည့်နိုင်ငံ (၁၈)နိုင်ငံ တို့နှင့် ဆက်နွယ်လျက်ရှိနေသည်။

(အထွေထွေ)

## ၂၀၁၆ ခုနှစ်လန်ချန်း–မဲခေါင်မြစ်ဝှမ်းနိုင်ငံများ ယဉ်ကျေးမှုအနုပညာပွဲတော်ဖွင့်လှစ်



ဒီဇင်ဘာ ၁၈ ရက်နေ့တွင် မြန်မာ နိုင်ငံမှ ရောက်ရှိလာသော သရုပ်ဆောင် များသည် ၂၀၁၆ ခုနှစ် လန်ချန်း-မဲခေါင် မြစ်ဝှမ်းနိုင်ငံများ ယဉ်ကျေးမှုအနုပညာပွဲ တော်၏ ဖွင့်ပွဲအခမ်းအနားတွင် 《ရုပ်သေး အက》 တင်ဆက်ဖျော်ဖြေခဲ့သည်။

ယင်းနေ့တွင်၂၀၁၆ ခုနှစ် လန်ချန်း- မဲခေါင်မြစ်ဝှမ်းနိုင်ငံများ ယဉ်ကျေးမှုအနု ပညာပွဲတော်ကိုယူနန်ပြည်နယ် စစ်ဆောင် ပန်နားတိုင်(ရှမ်း)တိုင်းရင်းသား ကိုယ်ပိုင် အုပ်ချုပ်ရေးပြည်နယ်ခွဲ၌ ဖွင့်လှစ်ခဲ့သည်။ ယခုအကြိမ်ယဉ်ကျေးမှု အနုပညာပွဲ တော်သည် “ချစ်ကြည်ရင်းနှီးမှု၊ ရိုးသား ဖြူစင်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှု၊ အားလုံးပါဝင်မှု၊ အကျိုးတူပူးပေါင်းဆောင် ရွက်မှု”ကို ဆောင်ပုဒ်အဖြစ်ထား ကျင်းပ ခြင်းဖြစ်ပြီး တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံ တို့၏ အနုပညာရှင်များက ယဉ်ကျေးမှု အနုပညာဖလှယ်ပွဲသို့ သုံးရက်ကြာပါဝင် တက်ရောက်ခဲ့ကြသည်။

သတင်းထောက် - လီယံ

## လန်ချန်း–မဲခေါင်ခရီးသွားမြို့ပြများပူးပေါင်းဆောင်ရွက်ရေးမဟာမိတ်ကို နိုင်ငံ(၆)နိုင်ငံတို့က အတူတကွ တည်ထောင်

ယခုရက်ပိုင်းတွင်လန်ချန်း-မဲခေါင် ခရီးသွားမြို့ပြများ ပူးပေါင်းဆောင်ရွက် ရေးမဟာမိတ်၏ လုပ်ငန်းညှိနှိုင်းရေး အစည်းအဝေးကို ကူမင်းမြို့၌ကျင်းပခဲ့ သည်။ ကူမင်းမြို့တွင်အခြေစိုက်ကြသည့် ကမ္ဘောဒီးယားကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဟွေလီဟိန်း၊ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန် ချုပ်ဦးစိုးပိုင်၊ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဖုန်ဖူ.ဝမ်ဖီတာယာ၊ ဗီယက်နမ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင် စစ်ဝန်ချုပ်ရန်စီဟုန်နှင့် လာအိုကောင် စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဖူဝါ . ဆာမုံတီတို့က အစည်းအဝေးသို့ တက် ရောက်ခဲ့ကြသည်။

ယခုအကြိမ်အစည်းအဝေးသည် ပထမအကြိမ်လန်ချန်း-မဲခေါင်ပူးပေါင်း ဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးမှ ရရှိထားသောအရေးပါ အောင်မြင်မှု ရလဒ်နှင့် 《ဆန်းယကြော်ငြာစာတမ်း》ပါ “ခရီးသွားပူးပေါင်းဖလှယ်မှုကို တိုးမြှင့် ရန်၊ ခရီးသွားပတ်ဝန်းကျင်ကိုကောင်းမွန် အောင်ပြုပြင်ရန်၊ ဒေသတွင်း အဆင်ပြေ လွယ်ကူစွာ ခရီးသွားအဆင့်အတန်းကို မြှင့်တင်ရန်၊ လန်ချန်း-မဲခေါင် ခရီးသွား မြို့ပြများ ပူးပေါင်းဆောင်ရွက်ရေးမဟာ မိတ်ကိုတည်ထောင်ရန်” တိုက်တွန်းချက် ကို လက်တွေ့ဖော်ဆောင်ရန် အရေးကြီး သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း မိတ် ဆက်ခြင်းအရသိရသည်။

ယူနန်သည် တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၊ တရုတ်ခရီးသွား ဦးစီးဌာန ချုပ်စသည့်နိုင်ငံတော်အစိုးရမှ သက်ဆိုင် ရာဝန်ကြီးဌာန၊ ကော်မတီများ၏ညွှန်ကြား မှုအောက်တွင် မဟာမဲခေါင်ဒေသခွဲမှ (၅)နိုင်ငံတို့နှင့်ဆတက်ထမ်းပိုး ဆက်သွယ် ဆောင်ရွက်ပြီး နိုင်ငံတကာ အဖွဲ့အစည်း တည်ထောင်ရန် ရည်ရွယ်ကာ လန်ချန်း- မဲခေါင် ခရီးသွားမြို့ပြများ ပူးပေါင်း ဆောင်ရွက်ရေး မဟာမိတ်ကို အရှိန်မြှင့် တည်ထောင်ရန် ဆန္ဒရှိသည်။

သတင်းထောက် - ကျူးဟဲ

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn